ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

27.4.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၂၁) ဦး	စုံစမ်းဆဲ

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

ရှမ်းပြည်နယ်

ဧပြီလ(၂၆)ရက်နေ့မနက်(၈)နာရီခန့်တွင် ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့တွင် ရန်သူ့တပ်နှင့် MBPDF B - 01၊ KNDF B - 03၊ KNDF B - 01 နှင့် မြို့ပြတော်လှန်ရေးတပ်ဦး (URF) တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူ့တပ်သား (၂၀)ဦး ထက်မနည်း သေဆုံးပြီး (၂)ဦး အရှင်ဖမ်းမိခဲ့ကာ လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်း

ဧပြီလ(၂၆)ရက်နေ့ည(၇)နာရီခန့်တွင် နွားထိုးကြီးမြို့နယ်၊ နွားထိုးကြီးမြို့ရှိ မြို့မရဲစခန်းမှ ရဲတပ်ကြပ် ခိုင်မင်းထွန်းဆိုသူသည် ရဲစခန်းမှ မြို့အရှေ့ဘက် ကင်းစခန်းရှိရာသို့ သွားနေစဉ် ထန်းဇင်း ကျေးရွာ အနီးတွင် Natogyi People Defence Force အဖွဲ့က တားဆီးစဉ် ထွက်ပြေးသွား သောကြောင့် ပစ်ခတ် ခဲ့ရာ သေဆုံးသွားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မကွေးတိုင်း

ဧပြီလ(၂၇)ရက်နေ့ည(၉:၃၀)နာရီခန့်တွင် ပခုက္ကူမြို့နယ်၊ တဲကုန်းကျေးရွာ (ပျူစောထီးရွာ) အခြေပြု ရန်သူ့တပ်စခန်းကို မြိုင်မြို့နယ် ပြည်သူ့ကာကွယ်ရေးအဖွဲ့ - မြိုင် ပကဖ တပ်ရင်း(၁) - တပ်ခွဲ (၄) - တပ်စု (၃) မှ စိတ် (၁၊၂) နှင့် မြိုင်ပကဖ IO အဖွဲ့၊ Black Cobra အဖွဲ့တို့ ပူးပေါင်းကာ စီးနင်းတိုက်ခိုက်ခဲ့ခြင်းကြောင့် တဲကုန်းကျေးရွာ ရွာခံ ပျူစောထီးခေါင်းဆောင် တင်ဝင်း အပါအဝင် ပျူစောထီးတပ်ဖွဲ့ဝင် (၁၃)ဦး သေဆုံး ခဲ့ပြီး (၈)ဦး ပြင်းထန်ဒဏ်ရာရရှိကာ ပခုက္ကူ ပြည်သူ့ဆေးရုံကြီး သို့ ပို့ဆောင်ခဲ့ရသည်။ ထိုစဉ် မြို့ခင်းသာရွာ၊ မိုက်ပင်ကုန်းရွာမှ ရွာခံ ပျူစောထီးများ တဲကုန်းရွာသို့ စုဝေး ရောက်ရှိ နေခြင်းကြောင့် သေဆုံးသူများတွင် အဆိုပါရွာခံ ပျူစောထီးများ ပါဝင်နိုင်ကြောင်းသိရသည်။ကာဘိုင်(၁)လက်၊ကျည် ၃၅ တောင့်၊ ကျည်ဘောက် ၂ခု၊ လက်ပစ်ဗုံး ၃လုံး၊ တစ်တောင့်ထိုးမောင်းချိုး ၄ လက်၊ တစ်ထောင့်ထိုးကျည် ၂၂ တောင့်၊ လက်ကိုင်ဖုန်း ၃လုံး၊ကျည်ကာ ၂ထည် တို့ကို သိမ်းဆည်း ရမိခဲ့ပြီး ဒေသကာကွယ်ရေးတပ်ဖွဲ့ဝင် (၁)ဦး ကျဆုံးခဲ့သည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

ရှမ်းပြည်နယ်

- ဧပြီလ(၂၇)ရက်နေ့မနက်(၁၁:၄၀)နာရီခန့်တွင် ဖယ်ခုံမြို့နယ်၊ ဖယ်ခုံမြို့အခြေစိုက် စကခ (၇) က လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဖယ်ခုံအင်းအရှေ့ခြမ်း ညောင်မွန်းရွာတွင် ဒေသခံပြည်သူ (၁)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။
- ဧပြီလ(၂၆)ရက်နေ့မနက်(၁၀:၃၀)နာရီခန့်တွင် ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့ကို ရန်သူ့တပ်က တိုက်လေယာဉ်ဖြင့် လေကြောင်းတိုက်ခိုက်ရာ မိုးဗြဲမြို့ ညောင်ဝိုင်းရပ်ကွက်ရှိ နေအိမ်အဆောက်အအုံ အများအပြား ပျက်စီးခဲ့ကြောင်း သိရသည်။